**Highlights from DVB Debate's De-mining Show**

**October 14, 2017**

**"How to get rid of Landmines?"**

"မိုင်းလို့ ပြည်သူလူထုကို ပြောရင် သူတို့က စစ်ဖက်ဆိုင်ရာလို့ ထင်ကြတယ်။ စစ်ဖက်ဆိုင်ရာထက် တကယ်တမ်း ထိခိုက်တာက လူထုပဲ ထိခိုက်တယ်။"

စောဆာလိုမူ - ဆာမူထော် အရပ်ဖက်လူမှုအထောက်အကူပြုအဖွဲ့

---

"မိုင်း ရှင်းလင်းရေးက အရေးပေါ်တော့ လိုအပ်ပါတယ်။ မရှင်းနိုင်တဲ့ ကိစ္စက နိုင်ငံရေး ဖြစ်စဉ်ကြောင့်ပါပဲ။ မိုင်းတွေကို ဘယ်သူ ထောင်လဲ ဆိုတာက စ ရပါလိမ့်မယ်။ နိုင်ငံတော်က တပ်မတော်ရှိမယ် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေ ရှိမယ်။ မိုင်း ရှင်းလင်းရေးလုပ်ဖို့က ငြိမ်းချမ်းရေး လုပ်ငန်းစဉ်က သွားမှ ရပါလိမ့်မယ်။"

ဦးတင်ဆန်းဦး - ကျောက်ကြီး တိုင်းဒေသကြီးမဲဆန္ဒနယ် (၂) အမတ်/ ဥက္ကဋ္ဌ (ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားနဲ့ ငြိမ်းချမ်းရေး ကော်မတီ)

---

"တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆိုင်ရာ သဘောတူညီချက် စာချုပ်က ပြည်သူလူထုအတွက် အရမ်းလိုအပ်တယ်။ စာချုပ် အပိုဒ် ၃(ဃ၊င) မှာ အထူးသဖြင့် ဘာရေးထားလဲ ဆိုတော့ နှစ်ဖက်တပ်ထောင်ထားတဲ့ မိုင်းတွေ ရှင်းဖို့ အစိုးရနဲ့ အတူတကွ ညှိနှိုင်း ဆောင်ရွက်ဖို့ ပါတယ်။"

စောဆာလိုမူ - ဆာမူထော် အရပ်ဖက်လူမှုအထောက်အကူပြုအဖွဲ့

---

"ကရင်ပြည်နယ်မှာ ငြိမ်းချမ်းရေး ဖြစ်စဉ်သွားနေပေမယ့်လည်း အသက်မွေးဝမ်းကျောင်းတဲ့ နေရာမှာ ပြည်သူလူထုတွေ ခံနေရဆဲပဲ။ ပြည်သူက မြေမြှုပ် မိုင်း ထောင်ထားတဲ့နေရာလည်း မသွားရဲဘူး။ အသစ် ထောင်ထားတာတွေလည်း ရှိတော့ ခံနေရဆဲပဲ။"

စောဂေလေး - မူဂါဒပိုင်းဆိုင်ရာ စည်းရုံး လှုံ့ဆော်ရေးမှူး၊ ကရင်လူ့အခွင့်အရေးအဖွဲ့

---

"မြေမြှုပ်မိုင်းသာမကဘူး။ မပေါက်ကွဲဘဲ ကျန်နေတဲ့ ပစ္စည်းတွေ အာပီဂျီရ်တို့ ကျည်ဆံတို့ ကလည်း မြေမြှုပ်မိုင်းထက် အန္တရာယ်ကြီးပါတယ်။"

ဦးစန်းဝင်းမောင် - The Halo Trust အဖွဲ့

---

“ကရင်ပြည်နယ်မှာဆို တပြည်နယ်လုံး မိုင်းရှိ နေနိုင်တယ်လို့ စောင့်ကြည့်လေ့လာသူတွေ ပြောနေတာ ရှိတယ်။ နစ်ဖက်တပ် ထောင်ထားတဲ့ မိုင်းများ ရှင်းလင်းရန်ဆိုတာ ၂၀၁၅ အောက်တိုဘာ ကတည်းက လက်မှတ်ထိုးထားတယ်။ ကနေ့အထိ ဘာလို့ မရှင်းလင်းနိုင်လဲ?”

ဦးကျော်ထင်အောင် - ဒါရိုက်တာ၊ LAIN နည်းပညာအထောက်အကူပြုအဖွဲ့

---

“အန်စီအေ မှာ မြေမြှုပ်မိုင်း အသစ် မထောင်ဖို့၊ မြေမြှုပ် မိုင်း ထုတ်ဖို့က စည်းမျဉ်းစည်းကမ်း လိုအပ်တယ်။ နိုင်ငံတကာ စံချိန်စံညွှန်း လိုအပ်တယ်။ အန်စီအေ စာချုပ်ထဲမှာ စံချိန်စံညွှန်းနဲ့ သေချာ မသတ်မှတ်ထားဘူး။”

စောဂေလေး - မူဂါဒပိုင်းဆိုင်ရာ စည်းရုံး လှုံ့ဆော်ရေးမှူး၊ ကရင်လူ့အခွင့်အရေးအဖွဲ့

---

“အပစ်ရပ် လက်မှတ်ထိုးပြီးတဲ့ အဖွဲ့ ၈ ဖွဲ့ နေရာတွေမှာ ဒီကိစ္စတွေက စတင်သင့်ပြီ၊ မိုင်း အရေးလုပ်ဆောင်မှုတွေ၊ မိုင်းစင်တာတွေ လုပ်ဆောင်သင့်ပြီ။”

ဦးကျော်ထင်အောင် - ဒါရိုက်တာ၊ LAIN နည်းပညာအထောက်အကူပြုအဖွဲ့

---